ဖုန်းများ။ ၅၁၀၅၄၁ / ၅၁၀၇၆၄

ဦးရွှေအုံး၊
အမှတ် (၈)၊ ရှင်စောပုဘုရားလမ်း၊
စမ်းချောင်းမြို့နယ်၊
ရန်ကုန်မြို့။
ရက်စွဲ၊၂၀၀၇–ခုနှစ်၊ ဇန်နဝါရီလ–၁၇–ရက်။

သို့၊

(၁) ဗိုလ်ချုပ်မှူးကြီး–သန်းရွှေ၊
ဥက္ကဋ္ဌ၊
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ။
နေပြည်တော်။

(၂) ဦးအောင်ရွှေ၊
ဥက္ကဋ္ဌ၊
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ဌာနချုပ်)
အမှတ် (၉၇/ခ) အနောက်ရွှေဂုံတိုင်လမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

အကြောင်းအရာ။ ။<u>မြန်မာ့အရေးနှင့်ပတ်သက်၍လုံခြုံရေးကောင်စီ၏ (၁၂–၁–၀၇) နေ့ကချမှတ်ခဲ့သောဆုံးဖြတ်ချက်အပေါ် ခြုံငုံသုံးသပ်အကြံပြုတင်ပြချက်များ။</u>

ရည်ညွှန်းချက်။ ။ရှမ်းပြည်တိုင်းရင်းသားလူမျိုးစုများဒီမိုကရေစီအဖွဲ့ချုပ် (ဖျက်သိမ်းပြီး) ၏ ဥက္ကဋ္ဌ (ဟောင်း) နှင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် (ဖျက်သိမ်းပြီး) ၏သဘာပတိအဖွဲ့ဝင် (ဟောင်း) ၏ ၁၇–၁–၀၇ နေ့စွဲပါတင်ပြချက်။

အထက်အကြောင်းအရာပါတင်ပြချက်စာတမ်းတစ်စောင်ကိုသိရှိပါရန်နှင့်လိုအပ်သလိုဆောင်ရွက်နိုင်ပါရန်အတွက်ပေးပို့ပါသည်။

လေးစားစွာဖြင့်၊

(ရွှေအုံး)

ဥက္ကဋ္ဌ(ဟောင်း)၊ရှမ်းပြည်တိုင်းရင်းသားလူမျိုးစုများဒီမိုကရေစီအဖွဲ့ချုပ် (ဖျက်သိမ်းပြီး) သဘာပတိအဖွဲ့ဝင်(ဟောင်း)၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်(ဖျက်သိမ်းပြီး) မိတ္တူကိုအောက်ပါအတိုင်းပေးပို့ပါသည် ။

( ၁ ) သခင်သိန်းဖေ၊ ဝါရင့်နိုင်ငံရေးသမားကြီးများအုပ်စု။
( ၂ ) သဘာပတိအဖွဲ့၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်(ဖျက်သိမ်းပြီး)။
( ၃ ) ဦးပူကျင်ရှင်းထန်၊ U.N.A. အဖွဲ့ဝင်။
( ၄ ) ဦးသုဝေ၊ (ဥက္ကဋ္ဌ–ဟောင်း)ဒီမိုကရေစီပါတီ (ဖျက်သိမ်းပြီး) ။
( ၅ ) ဦးဝင်းနိုင်၊ အမျိုးသားနိုင်ငံရေးအုပ်စု။
( ၆ ) ဦးမင်းကိုနိုင်၊ ၈၈–ကျောင်းသားများအုပ်စု။
( ၇ ) ဦးအေးလွင် ၊ ၈၈–မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)။
( ၈ ) အခြားနိုင်ငံရေးခေါင်းဆောင်များ။

**မြန်မာ့အရေးနှင့်ပတ်သက်၍လုံခြုံရေးကောင်စီ၏ (၁၂-၁-၀၇) နေ့ကချမှတ်ခဲ့သောဆုံးဖြတ်ချက်အပေါ် ခြုံငုံသုံးသပ်အကြံပြုတင်ပြချက်များ။**

ကျွန်တော်သည်မှတ်ပုံတင်ဖျက်သိမ်းခံရပြီးသော၊ ``ရှမ်းပြည်တိုင်းရင်းသားလူမျိုးစုများဒီမိုကရေစီအဖွဲ့ချုပ်`` (ရှ-တ-ဒ-ဖ) ၏၊ ဥက္ကဋ္ဌ (ဟောင်း) ဖြစ်ပါသည်။ ထို့ပြင်မှတ်ပုံတင်ဖျက်သိမ်းခံရ ပြီးသောအခြားတစ်ဖွဲ့ဖြစ်သည့် ``ပြည်ထောင်စုတိုင်းရင်သားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်`` (U.N. L.D) ၏ သဘာပတိအဖွဲ့ဝင် (ဟောင်း) တစ်ယောက်ဖြစ်ကြောင်းကိုလည်း ရှေးဦးစွာဖေါ်ပြထားလိုပါသည်။
၎င်းအပြင် (၁၉၉၀) ပြည့်ရွေးကောက်ပွဲတွင်ကျွန်တော်တို့ (ရှတဒဖ) သည် ကိုယ်စားလှယ်တစ်ဦးတစ်ယောက်မျှရွေးချယ်တင်မြှောက်ခြင်းမခံရသည်ကိုလည်းဖြည့်စွက်ပြောကြားထားလိုပါသည်။

သို့သော်ကျွန်တော်တို့ (ရှ-တ-ဒ-ဖ) ခေါင်းဆောင်များသည် ၁၉၄၆ ခုနှစ်မှစ၍မြန်မာနိုင်ငံလွတ်လပ်ရေး၊ တိုင်းရင်းသားပေါင်းစုံပါဝင်သော ပြည်ထောင်စုတည်ဆောက်ရေးတွင် ခေါင်းဆောင်ပါဝင်ခဲ့သူများဖြစ်ကြသောကြောင့်၊ ဒီမိုကရေစီအရေးနှင့်ပြည်ထောင်စုအရေးတို့တွင်မမှိတ်မသုံယုံကြည်သူများဖြစ်ကြောင်း ၁၉၄၇-ခုနှစ်ကအများသဘောတူချမှတ်ထားခဲ့ကြသော နိုင်ငံရေးအရတန်းတူညီမျှမှုရှိ၍၊ ပြည်တွင်းရေးလွတ်လပ်ခွင့်ရှိသည့် စစ်မှန်သောပြည်ထောင်စုကြီးပြန်လည်ဖေါ်ထုတ်ရေး၊ ရှင်သန်ထက်မြက်ရေးစသောအန္တိမရည်မှန်းချက်များကိုဦးထိပ်ထားလျက်၊ နိုင်ငံရေးအရကျရောက်လာနေရာကနေ၍ ထိုယုံကြည်ချက်များအတိုင်းစွဲမြဲစွာဆောင်ရွက်နေကြသူများသာဖြစ်ပါကြောင်းပဏာမအနေဖြင့်တင်ပြထားလိုပါသည်။ ဤကဲ့သို့ရှည်လျားစွာတင်ပြနေခြင်းမှာ ယခုဆက်လက်တင်ပြမည့် သုံးသပ်ချက်ကိုပိုမိုနားလည်လက်ခံနိုင်ကြလိမ့်မည် ဟူသောယုံကြည်ချက်အရင်းခံနှင့်ဖြစ်ပါသည်။

အဓိကတင်ပြလိုသည်မှာ (၁၂-၁-၀၇) နေ့ကမြန်မာ့အရေးနှင့်ပတ်သက်၍လုံခြုံရေးကောင်စီ ၏ဆုံးဖြတ်ချက်သည် မူလကမျှော်မှန်းထားသည့်အတိုင်းပင်ဖြစ်လာသောကြောင့် အထူးတုန်လှုပ် ချောက်ချားခြင်းမဖြစ်မိပါ။ ဝမ်းသာစရာမဟုတ်သလို ဝမ်းနည်းစရာမဟုတ်ဟုလည်းခံစားမိပါသည်။ ဤသို့ခံစားရခြင်းအကြောင်းရင်းကိုနားလည်နိုင်ရန် အဖြစ်အပျက်နောက်ခံအချို့ကို အကျဉ်းမျှဖေါ်ပြလိုပါသည်။

(၂၀-၁၀-၈၈) နေ့ကကျွန်တော်တို့ (ရှ-တ-ဒ-ဖ) သည်အင်အယ်ဒီနှင့်မဟာမိတ်ဖြစ်ခဲ့ပြီး၊ ရွေးကောက်ပွဲပြီးချိန်လောက်မှစ၍ မိတ်ဆွေများအဖြစ်ပြောင်းလဲဆက်ဆံလာခဲ့ပါသည်။ ဒေါ်အောင်ဆန်းစုကြည်နှင့်အင်အယ်ဒီသည် မြန်မာ့ဒီမိုကရေစီအရေးတွင် ကမ္ဘာကလက်ခံထားသောဦးစီးခေါင်းဆောင်များဖြစ်ကြသည် ကိုကျွန်တော်တို့ကကျေနပ်စွာလက်ခံပါသည်။ အားလည်းကိုးပါ၏။ သို့သော်မျက်စိမှိတ်၍ထောက်ခံခြင်းမျိုးမလုပ်ခဲ့ပါ။ မိတ်ဆွေကောင်းပီသစွာဝေဖန်အကြံပေးစရာရှိသည်ဟုထင်လျှင် လည်းပွင့်ပွင့်လင်းလင်းပင်အားမနာတန်း ပြောဆိုရေးသားတတ်ပါသည်။ သို့မှသာလျှင်တာဝန်ကျေပွန်မည်ဟုလည်းရိုးသားစွာယုံကြည်ပါသည်။ ယခုလည်းယင်းစေတနာအရင်းခံဖြင့်ပင်ရေးသားတင်ပြပါမည်။

(၂၀၀၁-၂၀၀၂) အချိန်လောက်က ကျွန်တော်သည် ဝါရင့်နိုင်ငံရေးသမားကြီးများအုပ်စုတွင်တစ်ယောက်အပါအဝင်ဖြစ်ခဲ့ပါ၏။ ထိုစဉ်ကအင်အယ်ဒီ၏လမ်းစဉ်မှာ ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေး၊ တွေ့ဆုံဆွေးနွေးရေးနှင့်ကြားဖြတ်အစိုးရဖွဲ့စည်းရေးဖြစ်သည်။ ဝါရင့်နိုင်ငံရေးသမားများအုပ်စုအနေနှင့်လည်း ၎င်းလမ်းစဉ်အတိုင်းကြေညာထောက်ခံပါသည်။

ထိုကိစ္စကိုကျွန်တော်အနည်းငယ်ဘဝင်မကျပါ။ အကြောင်းမှာထိုလမ်းစဉ်အတိုင်းတောင်းဆိုကြေညာနေသည်မှာနှစ်ချီကြာမြင့်နေပြီ။ အစိုးရဘက်မှလိုက်လျောမှုအရိပ်အယောင်ပင်မပြ၊ ခေါင်းမာမြဲမာလျက်ရှိသည်။ ထိုကြောင့် ကိုယ်ဖွင့်ထားသောစစ်မျက်နှာသို့သူမလာလျှင်၊ သူဖွင့်ထားပြီးသောစစ်မျက်နှာသို့ကိုယ်က သွားရောက်တိုက်ခိုက်မှ

သာအလုပ်ဖြစ်နိုင်လိမ့်မည်ဟုထင်ပါသည်။ တနည်းအားဖြင့်ကြေညာချက်များထုတ်ပြန်ခြင်း၊ တောင်းဆိုခြင်း၊ ကန့်ကွက်ခြင်းများသည်အဝေးမှအမြောက်ဖြင့် လှမ်း၍ထုနေခြင်းနှင့်သာတူသည်။ အနီးကပ်တိုက်ပွဲဆင်ပြီး လိုအပ်လျှင်လုံ့စွပ်ထိုးတိုက်ပွဲမျိုးအထိ ဆင်နွဲကောင်းဆင်နွဲရမည်။ သို့သော်မိမိဘက်မှလုပ်နိုင်ရည်ပေါ်မူတည်၍ အဖြေတစ်ခုတော့ထွက်လာနိုင်လိမ့်မည်ဟုတွက်ဆမိပါသည်။ ထိုကြောင့်အခြားနည်းလမ်းတစ်ခုအနေဖြင့် ရပ်ဆိုင်းနေသောအမျိုးသားညီလာခံကို လိုအပ်သောပြင်ဆင်ချက်များရအောင်ကြိုးပမ်းပြီး ၄င်းနည်းမှတဆင့်ပြဿနာဖြေရှင်းသင့်သည်ဟုယူဆ၏။ အမျိုးသားညီလာခံတွင်ဆက်လက်ဆွေးနွေးခြင်း အပေးအယူအလျှော့အတင်းလုပ်ရင်းဖြင့် ရာနှုန်းပြည့်မဟုတ်သည့်တိုင် ယာယီလက်ခံနိုင်လောက်မည့်ထွက်ပေါက်တစ်ခုတော့ရနိုင်လိမ့်မည်ဟုမှန်းဆပါသည်။

ထိုအတောအတွင်း (၂၀၀၂) ခုနှစ်ဧပြီလအတွင်းကုသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်မစ္စတာရာဇာလီရန်ကုန်သို့ဆဌမ အကြိမ်လာရောက်မည့်ကိစ္စပေါ်ပေါက်လာသည်။ ကျွန်တော်က ကျွန်တော်တင်ပြလိုသောလမ်းစဉ်မှာမိမိပါဝင်နေသော ဝါရင့်နိုင်ငံရေးသမားများအုပ်စု၏ လမ်းစဉ်ကိုသွေဖီရာရောက်နေသောကြောင့် မစ္စတာ-ရာဇာလီလာရောက်ခိုက် (ဂု-တ-ဒ-ဖ) ပါတီ၏လမ်းစဉ်အဖြစ် သီးခြားတင်ပြခွင့်တောင်းရာ၊ ဝါရင့်ခေါင်းဆောင်များကခွင့်ပြုပါသည်။ ထို့ကြောင့် (၂၀၀၂) ခုနှစ်ဧပြီလ-၂၃-ရက်နေ့စွဲဖြင့် သီးခြားအကြံပြုစာတမ်းတစ်စောင်ကို၊ မစ္စတာ-ရာဇာလီထံပေးပို့ခဲ့၏။ အမျိုးသားညီလာခံကိုလိုအပ်သောပြင်ဆင်ချက်များဖြင့်ဆက်လက်ကျင်းပရေးဖြစ်ပါသည်။ သို့သော်မစ္စတာရာဇာလီထံမှမည်သည့်တုန့်ပြန်ချက်မျှမရခဲ့ပါ။ မစ္စတာ-ရာဇာလီသတ္တမအကြိမ်ထပ်မံရောက်ရှိလာပြီးအာဏာပိုင်များနှင့် ဆက်လက်ဆွေးနွေးသော်လည်း တိုးတက်မှုတစုံတရာမရသဖြင့် စိတ်ပျက်ပြီးပြန်သွားခဲ့ရပါသည်။ ရန်ကုန်တွင်ဘာမျှထုတ်ပြန်ကြေညာခြင်းမပြုသော်လည်း ဘန်ကောက်လေဆိပ်တွင်သတင်းစာရှင်းလင်းပွဲတွင်ကား အမျိုးသားညီလာခံကိုအသွင်တမျိုးဖြင့် ဆက်လက်ကျင်းပလျှင်ကောင်းလိမ့်မည်ထင်သည်ဟုပြောကြားလာသည်ကိုသတိထားမိပါသည်။ သို့သော်မစ္စတာရာဇာလီလည်းနောက်တကြိမ်ပြန်မလာနိုင်ဘဲ ထိုအကြံပြုချက်မှာဇာတ်မျောကြီးဖြစ်သွားရပါသည်။

(၂၀၀၂) ခုနှစ်မေလ (၆) ရက်နေ့တွင်ဒေါ်အောင်ဆန်းစုကြည်အားအစိုးရကလွှတ်ပေးခဲ့ပါသည်။ မရှေးမနှောင်းပင်ထိုစဉ်ကဝန်ကြီးချုပ်ဗိုလ်ချုပ်ခင်ညွန့်က `` နိုင်ငံတော်တွင်သမိုင်းစာမျက်နှာသစ်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း `` မစားရဝခမန်းကြေညာ၍ `` နိုင်ငံရေးလမ်းပြမြေပုံ ``ကိုထုတ်ပြန်လိုက်ပါသည်။ ထိုအခြေအနေအပေါ်မူတည်၍ကျွန်တော်ကဒေါ်အောင်ဆန်းစုကြည်ထံ ကိုယ်ရေးစာတစ်စောင်ပေးပို့ခဲ့ပါသည်။

ထိုစာတွင် `` ပြည့်အင်အားသည် ပြင်တွင်းမှာသာရှိသည်ဟုအဆိုရှိပါသည်။ ယခုအချိန်တွင်အင်အယ်ဒီ၏အင်အားသည် ပြည်ပမှအမြောက်အများရရှိထားသလောက် ပြည်တွင်းတွင်ကားအားနည်းလှပါသည်။ အင်အယ်ဒီသည်နယ်များတွင်ဆိုင်းဘုတ်ပင်တင်ခွင့်မရှိ၊ လူ-၅-ယောက်ထက်ပိုမိုတွေ့ဆုံခွင့်မရှိ၊ လွတ်လပ်စွာပြောဆိုရေးသားထုတ်ဝေပိုင်ခွင့်မရှိဖြစ်နေခြင်းမှာ ကျေနပ်ဖွယ်မရှိပါ။ ထိုကြောင့် ဗိုလ်ချုပ်ခင်ညွန့်၏ကြေညာချက်ကိုအခွင့်ကောင်းယူပြီး ဌာနချုပ်မှဦးဆောင်၍ သင့်တော်သောလှုပ်ရှားမှုများပြုလုပ်သင့်ပါပြီ၊ အာဏာပိုင်များကဖမ်းဆီးအရေးယူခြင်းမျိုးပြုလုပ်လာဖွယ်ရှိသော်လည်းတစ်ဗိုလ်ကျတစ်ဗိုလ်တက်စနစ်ဖြင့် လုပ်ဆောင်သွားနိုင်ပါကအောင်မြင်နိုင်လိမ့်မည်ထင်ပါသည် `` ဟုဖေါ်ပြခဲ့၏။ ထိုသို့အကြံပေးကောင်းသဖြင့် ဒေါ်စု၏ငြိုငြင်ခြင်းကိုခံရပြီး ဝါရင့်နိုင်ငံရေးသမားများအုပ်စုမှထွက်ခဲ့ရပါသည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် (U.N.L.D) တွင်အားနည်းလျက်ရှိသဖြင့် ယင်းအဖွဲ့တွင်ပြန်လည်တာဝန်ယူရန်ဖိတ်ခေါ်ချက်ရှိပါသည်။ သို့သော်ကျွန်တော်မှာဝါရင့်အဖွဲ့တွင် တာဝန်ယူထားပြီးဖြစ်နေသဖြင့် နှစ်ဘက်ခွဖြစ်နေမည်စိုးသောကြောင့်ငြင်းပယ်ထားခဲ့ပါသည်။ ယခုအခါဝါရင့်တွင်တာဝန်မရှိတော့

သဖြင့် (U.N.L.D) တွင်သဘာပတိအဖွဲ့ဝင်တစ်ဦးအနေဖြင့်တာဝန်ထမ်းဆောင်ပါသည်။ ယင်းကာလအတွင်း ၃၀-၅-၀၃ နေ့တွင် ဒီပဲယင်းအရေးအခင်းပေါ် ပေါက်ပါသည်။

လူအများသေကြေပျက်စီးခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်နှင့်ဦးတင်ဦးတို့မှာ ကံသီ၍လွတ်မြောက်ခဲ့ရပါသည်။ ၎င်းကိစ္စတွင်တာဝန်ရှိသူများကိုဖေါ်ထုတ်မည့်အစားဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးတို့ဖမ်းချုပ်သည်။ ကျွန်တော်တို့ကိုတိုက်ရိုက်ထိခိုက်သည်မဟုတ်သော်လည်း သွယ်ဝိုက်သောအားဖြင့်ထိခိုက်သည်ဟုခံစားမိသလိုမိမိတို့တွင်လည်းတာဝန်ရှိသည်ဟုယူဆပါ၏။ သို့ကြောင့်ထိရောက်စွာတန်ပြန်အရေးယူရန် အင်အယ်ဒီ၏ဗဟိုအလုပ်အမှုဆောင်များနှင့်ညှိနှိုင်းသော်လည်း၊ မအောင်မြင်သဖြင့် (U.N.L.D) ကပင် တတိယအင်အားစုအနေဖြင့်ဝင်ရောက်၍သီးခြားအရေးယူခဲ့ပါသည်။ မည်သို့မျှမအောင်မြင်သော်လည်း တာဝန်ကျေအောင်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထိုသို့တာဝန်ကျေဆောင်ရွက်ခဲ့သည်ကိုအသိအမှတ်ပြုသောအားဖြင့် N.L.D အလုပ်အမှုဆောင်အဖွဲ့မှကိုယ်စားလှယ်-၅-ဦး (ထိုစဉ်ကအချုပ်အနှောင်မှလွတ်မြောက်လာစဖြစ်၏) နှင့်ကျွန်တော်တို့ (U.N.L.D) ကိုယ်စားလှယ်-၄-ဦးတွေ့ဆုံဆွေးနွေးပွဲကို ၂၄-၂-၀၄ နေ့တွင်အမှုဆောင်ဦးသန်းထွန်း၏နေအိမ်တွင်ပြုလုပ်ခဲ့ပါသည်။

ထိုဆွေးနွေးပွဲတွင်ကျွန်တော်က ၂၉-၈-၉၀ နေ့တွင်ထုတ်ပြန်ခဲ့သော ``ဗိုလ်အောင်ကျော်လမ်းပူးတွဲကြေညာချက်အမှတ်-၁-ပါ ``ကတိကဝတ်အရမဟာမိတ်ပါတီ၏အရေးတွင်လုပ်ဆောင်ခဲ့ပါကြောင်း၊ နောင်ကိုလည်းယင်းခံယူချက်အတိုင်းဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကတိပြုပြောကြားခဲ့ပါသည်။ အမှုဆောင်အဖွဲ့ဝင်ဦးစိုးမြင့်က ``မိမိတို့အဖွဲ့ချုပ်သည်သက်တမ်းကာလအတွင်းကြေညာချက်အများ ထုတ်ပြန်ခဲ့သည် အနက်ထိုဗိုလ်အောင်ကျော်လမ်းကြေညာချက်သည် အရေးအကြီးဆုံးကြေညာချက်တစ်ခုအဖြစ် ယူဆပါကြောင်း၊ အကြောင်းမှာယင်းကြေညာချက်သည် N.L.D နှင့်တိုင်းရင်းသားလူမျိုးစုများအကြား ကတိကဝတ်ပြုသည့်ပဋိဉာဉ်စာတမ်းဖြစ်၍ ပင်လုံစာချုပ်ကြီးကဲ့သို့ပင်တန်ဖိုးထားလေးစားပါကြောင်း၊ ရှေ့ဆက်၍လည်းယင်းခံယူချက်အတိုင်းလုပ်ဆောင်သွားကြရမည်ဖြစ်ပါကြောင်း``ပြန်လည်၍ပြောကြားခဲ့ပါသည်။ ထိုနေ့က ဆွေးနွေးပွဲအရကျွန်တော်တို့ U.N.L.D သည် N.L.D နှင့်မဟာမိတ် အဖြစ်ဆက်လက်တည်မြဲလျက်ရှိသေးသည်ဟုယူဆပါသည်။

ကျွန်တော်သည်ခဲမှန်ဘူးသောစာသူငယ်ဖြစ်ပါသည်။ ၂၈-၁၀-၈၈ နေ့က N.L.D ဌာနချုပ်တွင် ဒေါ်အောင်ဆန်းစုကြည်ခေါင်းဆောင်သောအလုပ်အမှုဆောင်အဖွဲ့နှင့် (ရ-တ-ဒ-ဖ) ကိုယ်စားဥက္ကဌကျွန်တော်နှင့်မျက်နှာချင်းဆိုင်ဆွေးနွေး၍ပေးခဲ့သောကတိကဝတ်ကိုရွေးကောက်ပွဲအချိန်ရောက်သည်နှင့်ဖျက်ခဲ့သည်ကိုအမြဲသတိရနေပါသည်။ ရန်ငြိုးသိုခြင်းမဟုတ်သော်လည်း စိတ်ချလက်ချယုံကြည်ခြင်းလျော့နည်းသွားသည်မှာအမှန်ဖြစ်ပါ၏။ N.L.D ခေါင်းဆောင်များသည်ကတိမတည်၊ ပြည်ထောင်စုအရေးကိုမကြည့်၊ ၎င်းတို့၏ပါတီအရေး၊ ဗမာ့အရေးကိုသာကြည့်သည်ဟုစိတ်ထဲတွင်စွဲနေခဲ့ပါသည်။ ထိုစဉ်က-ကတိအဖျက်ခံရသည်မှာ (ရ-တ-ဒ-ဖ) ဥက္ကဌအနေနှင့်ဖြစ်ပါသည်။ ယခုတဖန် U.N.L.D ၏သဘာပတိအဖွဲ့ဝင်တစ်ယောက်အနေနှင့်ကတိကိုရပြန်သောအခါခဲမှန်ဘူးသောစာသူငယ်လိုကျွန်တော်စိတ်ထဲမှဖြစ်ပေါ်လာသည်ကို နားလည်ခွင့်လွှတ်နိုင်ကြမည်ထင်ပါသည်။

NLD ၏ခေါင်းဆောင်အားလုံးကိုချုပ်နှောင်ပြီးမှ အမျိုးသားညီလာခံကိုပြန်လည်ကျင်းပမည် ဖြစ် ကြောင်းကြေညာချက်ထွက်လာသည်။ အစိုးရသည်ဒီပဲယင်းပြဿနာအနေမှဒေါ်အောင်ဆန်းစုကြည် ပြန်လွှတ်ပေးရေးပြဿနာဖြစ်အောင် မျက်လှည့်ပြလိုက်ပြီဟုနားလည်လိုက်ပါသည်။ ကျွန်တော့်အနေဖြင့်၎င်းအဆင့်

တွင် ညီလာခံပြန်လည်တက်ရောက်ရေးကို အခွင့်ကောင်းယူပြီးဒေါ်အောင်ဆန်းစုကြည်တို့ လွတ်မြောက်ရေးရအောင်အပေးအယူလုပ်ညှိနှိုင်းသင့်သည်ဟုတွက်ဆမိ၏။ အမျိုးသားညီလာခံကိုလိုအပ်သောပြင်ဆင်မှုများပြုလုပ်ပေးပါကတက်ရောက်ပါမည်။ သို့သော်ခေါင်းဆောင်များကိုအရင်လွှတ်ပေးရမည်ဟုဈေးဆစ်လျှင်ရမည်ထင်ပါသည်။ ဒီလိုတောင်းဆိုရင်၊ ဆွေးနွေးရင်၊ ညှိနှိုင်းရင်းနှင့်ပြည်တွင်းပြည်ပအားကို ဆက်လက်စည်းရုံးသွားနိုင်မည်။ တိုက်ရင်းစည်းရုံးပြီး၊ စည်းရုံးရင်းလည်းတိုက်ပွဲဝင်သွားနိုင်မည်ဟုထင်ပါသည်။တစ်ဆင့်ပြီးမှတစ်ဆင့်ဆက်ဆောင်ရွက်သွားသင့်သည်ဟုယူဆပါသည်။

စစ်အစိုးရက NLD ခေါင်းဆောင်များကိုတစ်သုတ်ပြီးတစ်သုတ်လွှတ်ပေးရေးပုံသဏ္ဍာန်မျိုးဖြင့် ဈေးဆစ်လာသည်။ အမှုဆောင်အချို့အဖမ်းခံထားရသည့်အချိန်တွင်အထက်ပါအတိုင်းအကြံပြုချက်ကို U.N.L.D မှ N.L.D သို့ (၁၂-၄-၀၄) နေ့တွင်ပေးပို့ခဲ့၏။ NLD ကတောင်းဆိုချက်-၅-ခုကိုတင်ပြ၍ စစ်အစိုးရကအချို့ကိုလိုက်လျောသည်။ ဒေါ်အောင်ဆန်းစုကြည်တို့လွတ်မြောက်ရေးမပါဝင်သော်လည်း အမျိုးသားညီလာခံကိုဆက်တက်ရင်းတိုက်ပွဲဝင်သွားနိုင်သည့်အခြေအနေမျိုးဟုပင်နားလည်ပါသည်။ သို့သော် NLD ကလက်မခံဘဲပယ်ချခဲ့ပါသည်။ အခွင့်အရေးကြီးတစ်ခု လက်လွတ်ဆုံးရှုံးသွားခဲ့ရပြီဟုကျွန်တော်တို့ခံစားမိပါ၏။ NLD ၏သဘောထားမှာ ဒီပဲယင်းအရေးနှင့်ညီလာခံတက်ရောက်ရေးကို နောက်တန်းတွင်ထားပြီး ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးကိုသာ ရှေ့တန်းသို့တင်ထားဟန်ရှိပါသည်။

ယခုတဖန်မစ္စတာဟာဗယ် နှင့်ဘုန်းတော်ကြီးဒက်စမန်တူးတူးတို့၏ မေတ္တာရပ်ခံချက်မှစပြီး အမေရိကန်၊ ဗြိတိန်တို့၏ဦးဆောင်မှုဖြင့်လုံခြုံရေးကောင်စီသို့တင်သည့်အဆင့်ထိရောက်လာပြန်သည်။ ထိုတောင်းဆိုချက်များသည်မှန်ကန်သဖြင့်ထောက်ခံပါကြောင်းကျွန်တော်သည် (ရတဒဖ) ၏ဥက္ကဋ္ဌ(ဟောင်း) UNLD ၏သဘာပတိအဖွဲ့ဝင် (ဟောင်း) အနေဖြင့်တောင်ကြီးမြို့နေအိမ်တွင်အချုပ်ခံနေရစဉ်ကပင်ရေးသား၍ အာဏာပိုင်များထံပေးပို့ခဲ့ပြီး၊ အချုပ်မှလွတ်လာပြီးနောက်လည်းအမြန်ဆုံးထုတ်ပြန်ကြေညာခဲ့ပါသည်။ လုံခြုံရေးကောင်စီ၌ ပထမတွင်အချက်များစွာပါသော ဆုံးဖြတ်ချက်မူကြမ်းနှင့်စ၍ညှိနှိုင်းကြသည်။ တဖြည်းဖြည်းအခြားအရေးကြီးသည့်တောင်းဆိုချက်များပြုတ်ပြီးဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးသာကျန်ပြီး၊နောက်ဆုံးအဆင့်တွင်ထိုအနိမ့်ဆုံးတောင်းဆိုချက်ပင်ရှုံးနိမ့်ခဲ့ရ၏။

ကျွန်တော်တို့ဘက်မှကြည့်လျှင်ကျွန်တော်တို့၏တောင်းဆိုချက်များမှာပြည့်စုံလုံလောက်သည်ဟုထင်ကြ၏။ အခြားတစ်ဘက်ကမူမလုံလောက်သေးဟုထင်ကြသည်။ ဒက်စမန်တူးတူး၏ တောင်အာဖရိကနိုင်ငံကပင်ထိုသို့ယူဆသည်ကိုထည့်သွင်းစဉ်းစားလက်ခံကြရပါမည်။ ထောက်ခံသောနိုင်ငံများကိုကျေးဇူး တင်ရမည်ဖြစ်သော်လည်း အခြားကန့်ကွက်သောနိုင်ငံများကိုအပြစ်တင်ရန်မလိုပါ။

ယခုလက်ရှိအခြေအနေမှာညီလာခံတက်ရောက်၍ဆက်လက်တိုက်ပွဲဝင်နိုင်သည့်အခွင့်အရေးဆုံးရှုံးသလို တစ်ဘက်တွင်လည်းဒေါ်အောင်ဆန်းစုကြည်တို့မလွတ်မြောက်ခဲ့သဖြင့် မြွေပါလည်းဆုံး၊သားလည်းဆုံးဖြစ်ခဲ့ရသည်ဟုခံစားမိ၏။ ပုဂ္ဂိုလ်ရေးကိုဦးစားပေးလွန်းခြင်း၏ရလာဒ်ပင်ဖြစ်ပါမည်။

ဤနေရာတွင်အနည်းငယ်ဖြည့်စွက်တင်ပြရန်လိုပါမည်။ NLD သည် ပါတီဖျက်သိမ်းခြင်းခံရမည်ကိုစောစောပိုင်းကာလကပင်အတော်စိုးရိမ်ကြောင်းနားလည်ရပါသည်။ ထိုခံယူချက်ကြောင့်ပင် အလျှော့ပေးလမ်းစဉ်ကိုကျင့်သုံးခဲ့ရ၏။ NLD ရှင်သန်ရေးသည်ပထမ၊ တိုင်းပြည်အရေးသည်ဒုတိယဟုဆိုရ မလောက်ပင်။ သို့ဖြင့်ညွှန်နစ်နေရာတွင်ရုန်းကန်သင့်သည့်အချိန်ကမရုန်းကန်ခဲ့သောကြောင့်၊ ညွှံသည်ခြေမျက်စိမှစ၍တဖြည်းဖြည်းတိုးလာခဲ့ရာ၊ ယခုအခါလည်ပင်းအထိရောက်လာသည်ဟုထင်မြင်ရပါသည်။ အစိုးရိမ်ကြီးလွန်းခဲ့

၍၊ ကျန်နေသေးသောခေါင်းဆောင်များအနေဖြင့် မိမိတို့၏အားကိုမသုံးဘဲ ဒေါ်အောင်ဆန်းစုကြည်ကိုသာ အလွန်အကျွံစောင့်မျှော်အားကိုးနေမှု၊ ပြည်ပအင်အားကိုသာလိုသည်ထက်ပို၍အားကိုးခဲ့မှု၊ လွယ်ကူမည့်အချိန်တွင်စ၍မရုန်းကန်ခဲ့ကြသောအကျိုးဆက်ဟုပင်နားလည်သင့်ပါသည်။ သို့သော်ဤသို့ဖေါ်ပြနေခြင်းမှာ မိမိတို့အခြေအနေကိုမိမိတို့အမှန်အတိုင်းပြန်လည်သုံးသပ်သိရှိကြပြီး၊ မည်သည့်အခြေအနေတွင်ရောက်နေစေကာမူ မသေသေးသရွေ့ဇနက္ကမင်းသားထုံးနှလုံးမူ၍ဆက်လက်ရုန်းကန်ကြရပါမည်။

အောက်ပါအတိုင်းအကြံပြုတင်ပြအပ်ပါသည်။

(၁) N.L.D သည်မိမိတို့၏ရှေ့ဆက်လုပ်ဆောင်မှုများအတွက်မိမိတို့တဦးတည်းဆုံးဖြတ်ချက်ကို ကျန်မဟာမိတ်ပါတီ၊ အင်အားစုများကနောက်မှလိုက်၍ထောက်ခံအားပေးသည့်ပုံသဏ္ဍာန်မှ ဆုံးဖြတ်ချက်မချမီ ကပင်တိုင်တိုင်ပင်ပင်လုပ်သည့်သဘော က်ရောက်စေသင့်ပါသည်။ မဟာမိတ်အဖြစ်အင်အားတောင့်တင်းလာစေလိုပါသည်။

(၂) ထိုကိစ္စအတွက်အတိုင်ပင်ခံကောင်စီတစ်ခုကို မိမိတို့နှင့်သဘောချင်းတိုက်ဆိုင်နိုင်မည်ထင်ရသည့် အဖွဲ့မှကိုယ်စားလှယ်များ၊ ထင်ရှားသောပုဂ္ဂိုလ်များနှင့်စတင်ဖွဲ့စည်းသင့်ပါသည်။ လိုအပ်လျှင်၄င်းမှတဆင့် အတွင်းစည်းအဖွဲ့၊ အပြင်စည်းအဖွဲ့ဟူ၍ခွဲခြားထားနိုင်ပါသည်။

(၃) ယင်းအတိုင်ပင်ခံကောင်စီနှင့်ညှိနှိုင်းပြီးရှေ့ဆက်လက်ချီတက်မည့် ဝါဒလမ်းစဉ်၊ ရေတို-ရေရှည် လုပ်ငန်းစဉ်များ၊ အချိန်ဇယားများချမှတ်သင့်ပါသည်။

(၄) နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အာဏာပိုင်များနှင့်တွေ့ဆုံဆွေးနွေးနိုင်ရန် ကိစ္စကိုအထူးဦးစားပေးစဉ်းစားရမည်။

ကျွန်တော်သည်ဤစာတမ်းကိုတင်ပြလာ၍မိမိအပေါ်ကျရောက်လာနိုင်သောအထင်အမြင်လွဲမှားမှုအရေး ယူခံရမှုမျိုးကိုကျခံရန်အဆင်သင့်ရှိပြီး၊ တိုင်းပြည်အတွက်စေတနာသန့်သန့်ဖြင့်အရဲစွန့်၍တင်ပြခြင်းသာ ဖြစ်ကြောင်း အန္တုးအညွှတ်အသိပေးပန်ကြားအပ်ပါသည်။

လေးစားစွာဖြင့်၊

ရန်ကုန်မြို့၊
နေ့စွဲ ။ ၁၇-၁-၀၇ (ရွှေအုံး)

ဥက္ကဌ (ဟောင်း)၊ ရှမ်းပြည်တိုင်းရင်းသားလူမျိုးစုများဒီမိုကရေစီအဖွဲ့ချုပ် (ဖျက်သိမ်းပြီး)
သဘာပတိအဖွဲ့ဝင် (ဟောင်း)၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် (ဖျက်သိမ်းပြီး)

နေအိမ်လိပ်စာ။
အမှတ် (၈) ရှင်စောပုဘုရားလမ်း၊
စမ်းချောင်းမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း- ၅၁၀၅၄၁ / ၅၁၀၇၆၄